**ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

**အမှတ်(၁)သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**လျှောက်လွှာခေါ်ယူခြင်း**

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူး ၂ နေရာ၊ ရုံးအကူရာထူး ၆ နေရာ၊ သန့်ရှင်းရေးအကူရာထူး ၁ နေရာ၊ စုစုပေါင်းအမှုထမ်းရာထူး ၉ နေရာ အတွက် အောက်ပါအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) **အငယ်တန်းစာရေးရာထူး( ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (၂) နေရာ**

(၁) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။

(၂) ဆက်ဆံရေးကောင်းမွန်ပြေပြစ်သူ ဖြစ်ရမည်။

(၃) အသက်(၁၈)နှစ်ပြည့်ပြီး၊ အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(၄) အသိမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။

(၅) ကွန်ပျူတာအခြေခံအဆင့် ကျွမ်းကျင်သူ ဖြစ်ရမည်။

(ခ) **ရုံးအကူ( ကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) (၆) နေရာ**

(၁) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။

(၂) ဆက်ဆံရေးကောင်းမွန်ပြေပြစ်သူ ဖြစ်ရမည်။

(၃) အသက်(၁၈)နှစ်ပြည့်ပြီး၊ အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(၄) တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ဖြစ်ရမည်။

(၅) ကွန်ပျူတာအခြေခံအဆင့် ကျွမ်းကျင်သူ ဖြစ်ရမည်။

(ဂ) **သန့်ရှင်းရေးအကူ(ကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) (၁) နေရာ**

(၁) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။

(၂) ဆက်ဆံရေးကောင်းမွန်ပြေပြစ်သူ ဖြစ်ရမည်။

(၃) အသက်(၁၈)နှစ်ပြည့်ပြီး၊ အသက်(၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(၄) အခြေခံပညာ အလယ်တန်းအဆင့်ရှိသူ ဖြစ်ရမည်။

၂။ လျှောက်ထားသူများသည် ကျန်းမာရေးကောင်းမွန်ပြီး၊ အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၃။ လျှောက်ထားသူများသည် နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ပြီး၊ ဌာနတွင် အနည်းဆုံး ၂ နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၄။ လျှောက်လွှာတွင် လျှောက်ထားသူ၏ အမည်၊ မိဘအမည်၊ မွေးသက္ကရာဇ်နှင့် အသက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊ အိမ်ထောင် ရှိ/မရှိ၊ ပညာအရည်အချင်း၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို ပြည့်စုံမှန်ကန်စွာ ရေးသွင်း၍ တင်ပြလျှောက်ထားရမည်။

၅။ သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကို ဤဦးစီးဌာန၏ Website ဖြစ်သည့် www.dica.gov.mm တွင် download ရယူ၍ လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါ စာရွက်စာတမ်းများကို ပူးတွဲတင်ပြရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓါတ်ပုံ ၃ ပုံ။ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်။)

(ခ) သက်ဆိုင်ရာရပ်ကွက်နှင့် နယ်မြေရဲစခန်းမှ ၁-၈-၂၀၂၅ ရက်နေ့ နောက်ပိုင်း ရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်(မူရင်း)။

(ဂ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ၁ လအတွင်း ဆေးထောက်ခံချက် (မူရင်း)။

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(င) အလုပ်သမားမှတ်ပုံတင်ကတ် (မိတ္တူ)။

(စ) အပိုဒ် ၁(က)ပါ အငယ်တန်းစာရေးရာထူး လျှောက်ထားသူများအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)၊ ဘွဲ့လက်မှတ်(မိတ္တူ)။ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်။)

(ဆ) အပိုဒ် ၁(ခ)ပါ ရုံးအကူရာထူး လျှောက်ထားသူများအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)။ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်။)

၇။ လျှောက်ထားလိုသူများသည် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၁)သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ရုံးချုပ်)တွင် ၁၃-၈-၂၀၂၅ ရက်နေ့မှစတင်၍ ၈-၉-၂၀၂၅ ရက်နေ့ ၁၆၃၀ နာရီ နောက်ဆုံးထား၍ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)ယူဆောင်လာပြီး လူကိုယ်တိုင် လာရောက်လျှောက်ထားရန် ဖြစ်ပါသည်။

၈။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန ခွင့်ပြုချက်မူရင်းကို လျှောက်လွှာတင်ပြသည့်နေ့ရက်တွင် တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ပါသည်။

၉။ အငယ်တန်းစာရေးရာထူး၊ ရုံးအကူရာထူး လျှောက်ထားသူများကို ရေးဖြေစစ်ဆေးခြင်း၊ ကွန်ပျူတာစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းနှင့် သန့်ရှင်းရေးအကူရာထူးအတွက် လူတွေ့စစ်ဆေးခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၀။ စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ရက်ထက် ကျော်လွန်သည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း ခံထားရသူများ လျှောက်ထားခွင့်မရှိပါ။

၁၂။ အသေးစိတ်စုံစမ်းသိရှိလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၁) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ရုံးချုပ်) ဖုန်းအမှတ်၊ **၀၁၈-၆၅၈၁၂၅**သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၃။ သတ်မှတ်လျှောက်လွှာပုံစံကို အောက်ပါ Link တွင် download လုပ်၍ လျှောက်ထားနိုင်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**